mgyoe.com

SAMPLE BOOK

ပဒ္ဒုဂ် စာအုပ်တိုက်

# Art 3 ပန်းချီအနုပညာတစဉ်



ဇော်မျိုးထွန်း

mgyoe.com

designed by tin htoon

# Art 3 ပန်းချီအနုပညာတဝင်

mgyoe.com
SAMPLE BOOK



ART 3 8000 Ks
9 202375 253390

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# PAINTING (3)



# ပန်းချီအနုပညာ

## စာစဉ်

## (၃)

mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း
ပန်းချီတင်ထွန်း

အတွင်းအပြင်အဆင်
လှမော်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးကျော်မိုးစိန် (အောင်သာပုံနှိပ်တိုက် – ၀၀၆၉၀)
အမှတ် ၃၆၂၊ ရွှေနှင်းဆီလမ်း၊ ၅ ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးဆန်းအောင်သူ (ပဥ္စဂံစာအုပ်တိုက်–၀၀၀၆၇)
အမှတ် – ၁၆၇(A)၊ ၃၅–လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


အမှာစာ ၇

၁။ ရိုမန်တစ်ဝါဒ ၁၀
Romanticism

၂။ ရိုမန်တစ် ပန်းချီမြင်ကွင်း ၁၄
Romantic Scenes

၃။ ရှုမျှော်ခင်းပန်းချီ ၁၈
Landscapes

၄။ အသရေတင့်တယ်၊ ဂုဏ်ဝင့်ထည်သော ရှုမျှော်ခင်းပန်းချီ ၂၂
Glorious Landscapes

၅။ တာနာ ၂၆
JMW Turner

၆။ အရှိအတိုင်း၊ အမှန်အတိုင်း သရုပ်မှန်ပန်းချီ ၃၀
Realism

၇။ မျက်မှောက်ဘဝကို ရေးဆွဲခြင်း ၃၄
Painting Modern Life

၈။ Ornans မြို့မှ နာရေးမြေချအခမ်းအနား ၃၈
Burial At Ornans

၉။ ရာဖေးလ်အရှေ့က ညီအစ်ကိုတော်များ ၄၂
The Pre-Raphaelites

၁၀။ ဥရောပပန်းချီမဟုတ်သော မော်ဒန်ပန်းချီ ၄၈
Non-European Modern Art

၁၁။ ဂျပန်ရိုးရာ ပုံနှိပ်ပန်းချီ ၅၂
Japanese Printmaking

၁၂။ မာနေး ၅၆
The Pre-Raphaelites

၁၃။ အင်ပရက်ရှင်းပန်းချီ ၆၀
Impressionism

၁၄။ တဒင်္ဂအတွင်း အမိအရရေးဆွဲခြင်း ၆၄
Capturing A Moment


mgyoe.com

SAMPLE BOOK

၁၅။ အင်ပရက်ရှင်းအလွန်ပန်းချီ ၇၀
Post-Impressionism

၁၆။ ကြယ်စုံည ၇၄
The Starry Night

၁၇။ စိတ်ကူးဉာဏ်ပန်းချီ ၇၈
Imaginative Art

၁၈။ စိတ်ခံစားမှုများအားပန်းချီရေးဆွဲခြင်း ၈၂
Painting Emotions

၁၉။ မန့်ချ် ၈၆
Edvard Munch

၂၀။ ကုဗပန်းချီနှင့် အနာဂါတ်ဝါဒပန်းချီ ၉၀
Cubism and Futurism

၂၁။ ပါဘလိုပီကာဆို ၉၄
Pablo Picasso

၂၂။ အသစ်ဖြစ်သော Abstract ပန်းချီဟန်များ ၉၈
New Abstract Styles

၂၃။ ဒါဒါနှင့် ဆာရီရယ်လ် ၁၀၂
Dada and Surrealism

၂၄။ ဂျော့ဂျီယာ အိုကီးဖီး ၁၀၆
Georgia O'keeffe

၂၅။ Abstract Expressionism ၁၁၀

၂၆။ Pop and Op Art ၁၁၆

၂၇။ Contemporary Art ၁၂၀

mgyoe.com

mgyoe.com

# အမှာစာ

SAMPLE BOOK

ပန်းချီစွယ်စုံကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များရှိသော်လည်း မြန်မာကလေးများအတွက် မြန်မာဘာသာဖြင့်ရေးသားထားသော စာအုပ်များကား ရှားပါးလှ၏။ ယခုခေတ်ကာလတွင် အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများတွင်ဂီတ၊ ပန်းချီ စသည်ဖြင့် အနုပညာနှင့်ပတ်သက်သော သင်ရိုးများ စီစဉ်ပြဋ္ဌာန်းပေးထားသည်ကို တွေ့မြင်နေရသည်။

ပန်းချီသင်ကြားရသည့် ရည်ရွယ်ချက်မှာ ကလေးများ၏

- အနုပညာစွမ်းရည် တိုးတက်စေခြင်း၊
- ဖန်တီးမှုစွမ်းရည် မြင့်မားစေခြင်း၊
- စိတ်ကူးစိတ်သန်းကောင်းများ ဖွံ့ဖြိုးစေခြင်း နှင့်
- ယဉ်ကျေးမှုသဘောကို သိနားလည်ပြီး နှလုံးသားကို နူးညံ့သိမ်မွေ့စေကြောင်း ထိုသို့တွေ့ရပေမည်။

ပန်းချီစွယ်စုံကျမ်းများ ထုတ်ဝေရခြင်းသည် အနုပညာကို ချစ်မြတ်နိုးသူများအတွက် အထူးအကျိုးရှိစေပါသည်။ ထိုပန်းချီစွယ်စုံကျမ်းများ၌ -

၁။ ပန်းချီအနုပညာ၏သမိုင်း ၂။ နည်းပညာများနှင့်

၃။ နာမည်ကျော် ပန်းချီဆရာကြီးများ၏ လက်ရာများ ကို စုံလင်စွာ ဖော်ပြထားသည်။

ပန်းချီသင်ကြားလိုသူများ၊ ပန်းချီကို လေ့လာသူများနှင့် ပန်းချီအနုပညာကို ကောင်းမွန်စွာ နားလည်သူများအတွက် အသုံးဝင်သကဲ့သို့ ကလေးလူငယ်များအတွက်လည်း -

၁။ **ပန်းချီ၏သမိုင်းနှင့် ယဉ်ကျေးမှုကို ကောင်းမွန်စွာနားလည်စေရန်။** ပန်းချီစွယ်စုံကျမ်းများတွင် ပန်းချီ၏အမျိုးအစားများ၊ နာမည်ကျော်ပန်းချီဆရာကြီးများ၏ ရေးဆွဲမှုပုံစံ (Style) များနှင့် လက်ရာများကို ဖော်ပြထားသောကြောင့် ပန်းချီ၏သမိုင်းနှင့် ယဉ်ကျေးမှုကို ပိုမိုနားလည်စေရန် ကူညီပေးပါသည်။

၂။ **ပန်းချီရေးဆွဲနည်းများကို သင်ယူခြင်း။** ပန်းချီစွယ်စုံကျမ်းများတွင် အခြေခံ ပန်းချီရေးဆွဲနည်းများနှင့် အဆင့်မြင့်နည်းပညာများကို ဖော်ပြထားသောကြောင့် ပန်းချီသင်ယူလိုသူများအတွက် လေ့လာရန် အထူးကောင်းမွန်ပေသည်။

၃။ **ဖန်တီးမှုစွမ်းရည်တိုးတက်စေခြင်း။** စွယ်စုံကျမ်းများဖတ်ရှုခြင်းသည် ဖန်တီးမှုစွမ်းရည်ကို ပိုမိုထက်သန်စေပြီး မိမိ၏ ပန်းချီရေးဆွဲမှုကို မြှင့်တင်ရန် အထောက်အကူပြုပါသည်။

၄။ **ပန်းချီအနုပညာအား ထောက်ပံ့ပေးခြင်း။** စွယ်စုံကျမ်းများ ထုတ်ဝေရခြင်းသည် ပန်းချီအနုပညာ၏ ဖြစ်စဉ်နှင့် ဖန်တီးမှုကို ထောက်ပံ့ပေးပြီး ပန်းချီဆရာများ၏ အတတ်ပညာကို ကျယ်ပြန့်စွာ မျှဝေပေးသည်။

ဤအချက်များကြောင့် ပန်းချီစွယ်စုံကျမ်းများ ထုတ်ဝေရခြင်းသည် ပန်းချီအနုပညာကို ချစ်မြတ်နိုးသူများအတွက် အလွန်အကျိုးရှိစေပါသည်။

- ဤစွယ်စုံကျမ်း၏ ထူးခြားချက်

ဤစွယ်စုံကျမ်း၏ ထူးခြားချက်မှာ အမြင်ဆိုင်ရာအနုပညာများမှ ပန်းပုနှင့် ဓာတ်ပုံအနုပညာရပ်များ ပါဝင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပန်းချီအနုပညာစာစဉ် (၁)၊ (၂)၊ (၃) အပြင် ပန်းပုနှင့် ဓာတ်ပုံအနုပညာစာစဉ် (၄) အဖြစ် ထုတ်ဝေခဲ့ပါသည်။ ထိုသို့ကြောင့် ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ အနုပညာစွယ်စုံကျမ်းအဖြစ် ဖော်ပြအပ်ပါသည်။

ပဥ္စင်္ဂစာအုပ်တိုက်

mgyoe.com

mgyoe.com

SAMPLE BOOK

# PAINTING





mgyoe.com

mgyoe.com

SAMPLE BOOK





ကျွန်တော်တို့လူသားတွေဟာ မျက်နှာပြင်အမျိုးမျိုးကို အသုံးပြုပြီး ပန်းချီတွေရေးဆွဲလာတာဟာ နှစ်ထောင်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ဂူနံရံတွေပေါ်၊ ဘုရားကျောင်းနံရံတွေပေါ်၊ ဘုရားကျောင်းမျက်နှာကြက်တွေပေါ်၊ သစ်သားမျက်နှာပြင်တွေပေါ်၊ စက္ကူတွေ၊ ကင်းဗတ်စ်စတွေပေါ်မှာ နည်းမျိုးစုံ ရေးဆွဲခဲ့ကြပါတယ်။







mgyoe.com

mgyoe.com SAMPLE BOOK

# ROMANTICISM



ရိုမန်တစ် (Romantic) လှုပ်ရှားမှု စတင်ဖွံ့ဖြိုးလာခဲ့တာဟာ ၁၉ ရာစုမှာပါ။
ရိုမန်တစ် ပန်းချီဆရာတွေဟာ ချစ်စိတ်ရမ္မက်ပြင်းပြမှု၊ အတိတ်ကို တသသလွမ်းမောမှုနဲ့ စိတ်ထိခိုက်ခံစားရမှုတွေကို ရေးဆွဲ ဖော်ပြခဲ့ကြပါတယ်။
သူတို့ဟာ သဘာဝတရားကြီးရဲ့အလှတရားနဲ့ အင်အားအစွမ်းသတ္တိတွေကို အနုပညာစျာန်ဝင်စားကြသလို အလယ်ခေတ် (Middle Ages) သူရဲကောင်းတွေရဲ့အမျိုးသမီးနဲ့ အားနည်းသူတွေအပေါ် ညှာတာထောက်ထားတဲ့စိတ်ဓာတ်ဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက်တွေကိုလည်း ဩဇာကွန့်မြူး ရေးဆွဲခဲ့ကြပါတယ်။

## ကမ္ဘာကြီး၏ပြောင်းလဲမှုတစ်ခုအပေါ်တုံ့ပြန်ချက်
## Reacting To A Changing World

ရိုမန်တစ်ဝါဒဟာ တစ်စိတ်တစ်ပိုင်းအားဖြင့်တော့ စက်မှုတော်လှန်ရေးကို ဆန့်ကျင်တုံ့ပြန်ချက်ပါပဲ။ အဲဒီအချိန်က စက်ရုံအလုပ်ရုံတွေဟာ စက်အသစ်ကြီးတွေနဲ့ ထုတ်ကုန်တွေကို အမြောက်အမြားထုတ်လုပ်ပြီး ကုန်ပစ္စည်းတွေကို ဈေးပေါပေါနဲ့ရောင်းဖို့ ကြိုးစားကြတဲ့အချိန်ပါ။ ရိုမန်တစ်ဝါဒီတွေဟာ ဒီလို ရှုပ်ရှုပ်ထွေးထွေး စက်ပစ္စည်းတွေ မပေါ်ခင်က ရိုးရှင်းတဲ့အချိန်တွေကို ကာလအရှည်ကြီး ဖြတ်သန်းခဲ့ရသူတွေပါ။ ဒီအချိန်ကာလမှာပဲ လက်နက်ကိုင်တွေရဲ့ ထိပ်တိုက်တွေ့ဆုံမှုဆိုတဲ့ စစ်ပွဲကို ကြုံရပါတယ်။ ဒါကတော့ နပိုလီယံရဲ့ စစ်တပ်နဲ့ စပိန်တွေရဲ့ ခုခံမှုစစ်ပွဲဖြစ်တဲ့ ပန်နီစူလာစစ်ပွဲ (Peninsular War) ပါပဲ။ ဒီလိုမျိုး စစ်ပွဲတွေဖြစ်ပေမယ့်လည်း ရိုမန်တစ် ပန်းချီပညာရှင်တွေကတော့ ခံစားချက်အားကောင်းကောင်းနဲ့ နိုးကြွစေခဲ့ကြပါတယ်။

mgyoe.com



▲ ၁၈၀၈ ခုနှစ် မေလ ၃ ရက်နေ့
**The Third of May 1808**

အေဒီ ၁၈၁၄ ခုနှစ်၊ ပန်းချီဆရာ Francisco goya
ဒီပန်းချီပုံဟာ တကယ်ဖြစ်ခဲ့တဲ့ဖြစ်ရပ်မို့ ဒါဟာ ကြောက်လန့်စရာပါပဲ။ စပိန်တော်လှန်ရေးသမားတွေကို ပြင်သစ် ကျူးကျော်သူတွေက ဝန်းရံပိတ်ဆို့ပြီး သေနတ်တွေနဲ့ ပစ်သတ်ခဲ့ကြတာပါ။


Romanticism ဆိုတဲ့ နာမည်ဟာ
အလယ်ခေတ်က ရေပန်းစားတဲ့
ကာတ်လမ်းတစ်ခုဖြစ်တဲ့
"romances" ကာတ်လမ်းရဲ့
နာမည်ကို ယူထားတာပါ။

# ပြဇာတ်ဆန်မှုနဲ့ဝန်းကျင်အသွင်အပြင်

## Drama And Atomosphere

mgyoe.com SAMPLE BOOK

ရိုမန်တစ် ပန်းချီဆရာတွေဟာ တစ်ဦးချင်းစီရဲ့ ပင်ကိုလက္ခဏာကို ဖော်ထုတ်ပြသကြပါတယ်။ ဒါပေမဲ့ တချို့လက်ရာတွေကတော့ အများနဲ့သက်ဆိုင်တာတွေ ပါဝင်ပါတယ်။ သူတို့ဟာ ဂန္ထဝင်သစ်ပန်းချီရဲ့ ပုံသဏ္ဍာန် (Form) နဲ့ ပုံကြမ်းကောက်ကြောင်း (out line) ပုံစံတွေကို အထူးဂရုစိုက်ပြီး ပစ်ပယ်ကြသလို အရောင်တွေကို အလွန်အသားပေးပြီး ရေးဆွဲကြပါတယ်။ ပြီးတော့ တံမြက်လှည်းသလို ဝှေ့ပြီး စုတ်ချက်တွေကို ရေးဆွဲတာကြောင့် အပေါ်ယံပုံကြမ်းတွေလို့ ထင်မှတ်ရသလို မပြီးသေးတဲ့ ပန်းချီလို့လဲ ထင်မှတ်ကြရပါတယ်။ နောက်ပြီး ပြဇာတ်ပုံစံ အလင်းရောင်ပေးမှုနဲ့ တောက်ပတဲ့ ဝန်းကျင်အသွင်အပြင်ကိုလည်း ရေးဆွဲကြပါတယ်။



▲ ခြေဦးတည့်ရာ သွားလာနေထိုင်သူတစ်ဦးနှင့် ပင်လယ်ပေါ်မှ မြူနှင်းများ

**The Wanderer Above The Sea of Fog**

အေဒီ ၁၈၁၈ ခုနှစ်၊ ပန်းချီဆရာ Caspar David Friedrich

လူရုပ်ပုံကို နောက်ကျောပေးပြီး ပြသထားပါတယ်။ ဒါကြောင့်ပဲ သူကြည့်ရှုနေပုံကို ပြဇာတ်ပုံစံအဖြစ် ကျွန်တော်တို့ မှန်းဝေ ခံစားကြည့်လို့ရပါတယ်။ ဒီရှုခင်းဟာ ဂျာမဏီနိုင်ငံ "Elbe" သဲကျောက်တောင်တန်းပေါ်က ရှုခင်းပါ။ ဒါပေမဲ့ ဒီပန်းချီကားဟာ တကယ့်ရှုခင်းအစစ်ကိုတော့ ရေးဆွဲပြသထားတာ မဟုတ်ပါဘူး။

mgyoe.com

# မြင်ကွင်းအစစ်များရေးဆွဲခြင်း
## Painting Spectacles

SAMPLE BOOK

ရိုမန်တစ် ပန်းချီဆရာတွေဟာ ပြဇာတ်ဆိုင်ရာ အားပြိုင်မှုတွေကို ယုံကြည်လက်ခံကြပါတယ်။ ပြင်သစ် ပန်းချီဆရာတွေဖြစ်တဲ့ Theodore Gericault နဲ့ Eugene Delacroix တို့နှစ်ဦးဟာ ရိုမန်တစ် ပန်းချီဆရာတွေထဲ အထူးအရေးကြီးလှတဲ့ ပန်းချီကျော် နှစ်ဦးပါ။ သူတို့ဟာ ပြဇာတ်ပုံစံ ရှုခင်းမြင်ကွင်းတွေကို ရေးဆွဲပြီး မကြာခဏ လည်း ပြည်သူလူထု လူအုပ်ကြီးပုံတွေကို ရေးဆွဲသလို သိသာထင်ရှား ပေါ်လွင်အောင်လည်း ရေးဆွဲခဲ့ကြပါတယ်။



### Tangier မြို့မှ အယူသီးသူများ
### Fanatics of Tangier

အေဒီ ၁၈၃၈ ခုနှစ်၊ ပန်းချီဆရာ Eugene Delacroix ဒီပန်းချီပုံဟာ ပြဇာတ်ပုံစံရေးဆွဲထားတဲ့ တကယ့်ဖြစ်ရပ်တစ်ခုပါ။ ၁၈၃၂ ခုနှစ်မှာ ပန်းချီဆရာကိုယ်တိုင် မျက်မြင်တွေ့ခဲ့တဲ့ မော်ရိုကိုနိုင်ငံ တန်ဂျီယာ (Tangier) မြို့က ဘာသာရေးအယူသန်သူတွေ လမ်းမပေါ် ထွက်လာကြပုံပါ။

# ကြောက်စရာမြင်ကွင်း
## Scary Visions

တချို့ ရိုမန်တစ်ပန်းချီပညာရှင်တွေဟာ အိပ်မက်တွေ၊ စိတ်ကူးယဉ်မှုသက်သက်တွေနဲ့ ထိတ်လန့်စရာ အိပ်မက်ဆိုး ရုပ်ပုံတွေကို ရေးဆွဲကြပါတယ်။ အင်္ဂလိပ် ပန်းချီဆရာ William Blake နဲ့ လန်ဒန်မြို့မှာပဲ အခြေစိုက်နေထိုင်တဲ့ ဆွစ်ပန်းချီဆရာ Henry Fuseli တို့ဟာ သူတို့ရဲ့ စိတ်ကူးတွေထဲမှာရှိတဲ့ စိတ်အနှောင့်အယှက်ဖြစ်စရာ မြင်ကွင်းပုံရိပ်တွေကို ရေးဆွဲပြလေ့ရှိပါတယ်။



### အိပ်မက်ဆိုး (ဘီလူးစီးခြင်း)
### The Nightmare

အေဒီ ၁၇၈၁ ခုနှစ်၊ ပန်းချီဆရာ Henry Fuseli အမျိုးသမီးတစ်ဦးဟာ ပက်လက်အိပ်ပျော်နေတုန်း သူ့ရဲ့လက်တွေကို နောက်ပြန်ပစ်ချထားပါတယ်။ သူမရဲ့ခန္ဓာကိုယ်ပေါ်မှာတော့ ထူးဆန်းတဲ့အရာတစ်ခုက တက်ထိုင်နေပါတယ်။

mgyoe.com

# ရိုမန်တစ်ပန်းချီမြင်ကွင်း

# ROMANTIC SCENES

mgyoe.com SAMPLE BOOK




ရိုမန်တစ်ပန်းချီအနုပညာရှင်တွေဟာ အားကောင်းတဲ့ စိတ်အာရုံလှုပ်ရှားမှု၊
ဝန်းကျင်အငွေ့အသက် (ဒါမှမဟုတ်) စိတ်ခံစားမှုအမျိုးမျိုးနဲ့ ဖန်တီးရေးဆွဲ ထုတ်လုပ်ခဲ့ကြပါတယ်။
ဂန္ထဝင်သစ်ပန်းချီနဲ့ ရိုမန်တစ်ပန်းချီဟာ ဆန့်ကျင်ဘက်ဖြစ်ပြီး ဂန္ထဝင်သစ်ပန်းချီဟာ
သူ့ရဲကောင်းဝါဒအပေါ် အခြေခံကာ တော်ဝင်မင်းမျိုးမင်းနွယ်တွေနဲ့
သူ့ရဲကောင်းတွေကို ပန်းချီရေးဆွဲပါတယ်။
ရိုမန်တစ်ပန်းချီကတော့ သာမန်ပြည်သူတွေကို ပန်းချီရေးဆွဲပါတယ်။
ရိုမန်တစ်ပန်းချီတချို့ဟာ ရိုမန်တစ်ဝတ္ထုတွေနဲ့ ရိုမန်တစ်ကဗျာတွေကို သူတို့ပန်းချီရေးဆွဲမယ့်
အကြောင်းအရာတွေအဖြစ် ရွေးချယ် ရေးဆွဲခဲ့ကြပါတယ်။

mgyoe.com

## Atala ၏ရုပ်အလောင်း

## Funeral of Atala

mgyoe.com SAMPLE BOOK



အစောပိုင်း ရိုမန်တစ်ပန်းချီဆရာတစ်ဦး၏ ချစ်အောင်ပွဲ။

- ■ အေဒီ ၁၈၀၈ ခုနှစ်
- ■ ပန်းချီဆရာ Anne-Louis Girodet
- ■ ကင်းဗတ်စ်ပေါ် ဆီဆေး

ပန်းချီဆရာ Jacques-Louis David ရဲ့တပည့်တစ်ဦးဖြစ်တဲ့ ပန်းချီဆရာ Girodet ဟာ ရိုမန်တစ်ပန်းချီလှုပ်ရှားမှု စတင်ဖို့ ကူညီပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး တောက်ပတဲ့ ဆေးရောင်စုံနဲ့ ရိုမန်တစ်ပန်းချီတွေကို ဖော်ပြခဲ့ပါတယ်။ သူ့ဆရာရဲ့လွှမ်းမိုးမှုရှိပေမယ့် သူ့ရဲ့နည်းစနစ်ဟာ ချောမွေ့လှပါတယ်။ ဒါပေမဲ့ သူရေးဆွဲတဲ့ အကြောင်းအရာကတော့ ချစ်စိတ်ရမွက်ပြင်းပြင်းတွေပါ။ ဒီပန်းချီကားဟာ ရိုမန်တစ်ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ ခရစ်ယာန်ဘာသာဆိုင်ရာ ဇာတ်လမ်းတစ်ခုကို ရေးဆွဲဖော်ပြထားတာဖြစ်ပြီး ပန်းချီပုံထဲမှာ ချောက်ချားဖို့ကောင်းတဲ့ အလင်းရောင်ဟာ စိမ့်ဝင်နေတာကြောင့် အားအလွန်ကောင်းတဲ့ ဝန်းကျင်အငွေ့အသက်ကို ခံစားရစေပါတယ်။

---

## အဝတ်အစားဝတ်ထားသော Maja

## Clothed Maja

ဝန်ကြီးချုပ်အတွက် ပန်းချီကားတစ်ချပ်။

■ အေဒီ ၁၈၀၀ - ၁၈၀၅ ခုနှစ် ■ ပန်းချီဆရာ Francisco Goya ■ ကင်းဗတ်စ်ပေါ် ဆီဆေး

ပန်းချီဆရာ Goya က စပိန်ဝန်ကြီးချုပ် Manuel Godoy အတွက် ရေးဆွဲပေးတဲ့ အမျိုးသမီးတစ်ဦး ကျောခင်းလှဲလျောင်းနေတဲ့ ပန်းချီပုံပါ။ ဒီပန်းချီပုံဟာ ပထမပုံဖြစ်ပြီး အဝတ်အစားပါတဲ့ ပန်းချီပုံပါ။ နောက် ဒုတိယပုံကတော့ ဒီအမျိုးသမီး ဒီလိုလှဲလျောင်းနေတဲ့ပုံပဲဖြစ်ပြီး အဝတ်အစားမပါတဲ့ (nude) ပုံပါ။ အဝတ်အစားမပါတဲ့ပုံကိုတော့ ဝန်ကြီးချုပ်က သူ့ပုဂ္ဂလိကဆန္ဒအရ သိမ်းဆည်းထားခဲ့ပါတယ်။ ဒီပုံရဲ့ကိုယ်ဟန်ပြမယ်ဖြစ်တဲ့ Maja ဟာ စပိန် အခြေခံလူတန်းစား အမျိုးသမီးတစ်ဦးဖြစ်ပြီး သူ့ရဲ့အသုံးအဖြုန်းကြီးလက်ဖွာတဲ့ နေထိုင်မှုပုံစံကြောင့် လူသိများခဲ့ပါတယ်။




▲ အကြည့်ရဲရဲ

**Daring Look**

Maja ရဲ့ပန်းချီကားကြည့်တဲ့သူကို ပြန်ကြည့်နေတဲ့ ပုံဟန်ပါ။ အဲဒီအချိန်ကာလတုန်းက ကိုယ်ဟန်ပြမယ် အမျိုးသမီးတွေဟာ များသောအားဖြင့် မျက်စိအကြည့်ကို အောက်ချပြီး ကိုယ်ဟန်ပြလေ့ရှိပါတယ်။

mgyoe.com



## မြင်းတစ်ကောင်အားရပ်တန့်စေလိုက်သောကျွန်များ

## Slaves Stopping A horse

mgyee.com SAMPLE BOOK

ကိုယ်ခန္ဓာအစိတ်အပိုင်းများ အသေးစိတ်ရေးဆွဲမှုနဲ့ လှုပ်ရှားမှုအပြည့်ပါဝင်သော ပန်းချီကား။

- အေဒီ ၁၈၁၇ ခုနှစ်
- ပန်းချီဆရာ Theodore Gericault
- စက္ကူကျောခံ ကင်းဗတ်စ် (canves-backed paper) ပေါ်ဆီဆေး

ပန်းချီဆရာ Gericault ဟာ ၁၈၁၇ ခုနှစ်က ရောမမြို့မှာ နေထိုင်ရင်း စီးတဲ့သူမပါတဲ့ မြင်းအပြေးပြိုင်ပွဲက ပုံတွေကို ပုံကြမ်းရေးဆွဲခဲ့ပါတယ်။ ဒီအသက်ဝင်လှတဲ့ပုံဟာ မြင်းအပြေးပြိုင်ပွဲမစခင် လူလေးယောက်က မြင်းကို ထိန်းကျောင်းနေပုံပါပဲ။ ဒီပန်းချီမှာ မြင်းနဲ့လူတွေဟာ အတူတကွရှိနေကြပြီး ရိုမန်တစ်ပန်းချီရဲ့သဘောတရားအတိုင်း တက်ကြွလှုပ်ရှားမှုနဲ့ အင်အားအရှိန်အဟုန် ပြီးတော့ သဘာဝတရားကြီးနဲ့ စည်းချက်ညီ လှုပ်ရှားမှု စတာတွေကို ဖော်ပြနေပါတယ်။ Gericault ဟာ ခန္ဓာဗေဒနဲ့ လှုပ်ရှားမှုတွေကို လေ့လာခဲ့သလို ချစ်ခင်ဖွယ်မြင်ကွင်း တွေနဲ့ ပြဇာတ်ပုံစံ ပြကွက်တွေကို ပန်းချီရေးဆွဲခဲ့သူပါ။

---

## Giaour နှင့် Hassan တို့၏တိုက်ပွဲ

## The Combat of the Giaour and Hassan



ကဗျာတစ်ပုဒ်အပေါ် အခြေခံပြီးပြဇာတ်ဟန် တိုက်ခိုက်ပုံ ပန်းချီ။

- အေဒီ ၁၈၂၆ ခုနှစ်
- ပန်းချီဆရာ Eugene Delacroix
- ကင်းဗတ်စ်ပေါ် ဆီဆေး

"The Giaour" ဆိုတဲ့ ကဗျာတစ်ပုဒ်ကို အခြေခံပြီး ပြင်သစ်ပန်းချီဆရာ Delacroix က ပန်းချီရေးဆွဲထားတာပါ။ ဒီကဗျာဟာ အင်္ဂလိပ် ရိုမန်တစ်ကဗျာဆရာ "Lord Byron" ရဲ့စိတ်လှုပ်ရှားလွယ်တဲ့အချစ်နဲ့ ကလဲ့စားချေမှု ဇာတ်လမ်းကဗျာပါပဲ။ ဒီပန်းချီပုံမှာ ပေါ်လွင်ထင်ရှားတဲ့အရောင်တွေ သုံးစွဲပြီး တက်ကြွလှုပ်ရှားမှုနဲ့ အင်အားအရှိန်အဟုန်ကိုလဲ ဖော်ပြသလို စုတ်ချက် လွတ်တွေနဲ့ အရောင်သွေးစုံအရိပ်တွေကို တွေ့နိုင်ပါတယ်။ ရိုမန်တစ်ပန်းချီဆရာတွေဟာ တက်ကြွ လှုပ်ရှားနေတဲ့ စုတ်ချက်တွေနဲ့ သူတို့စိတ်ကူးဉာဏ်ထဲက ထောက်ပတဲ့ ဆေးရောင်စုံတွေကို အသုံးပြုရေးဆွဲပေမယ့် စစ်မှန် သဘာဝကျတဲ့ သရုပ်မှန်ပန်းချီ (realism) ဖြစ်ဖို့ကြိုးစားတာကိုတော့ မကြာခဏဆိုသလို မတွေ့ရပါဘူး။

## အိမ်ခန်းအတွင်းမှအယ်လ်ဂျီးရီးယားအမျိုးသမီးများ

## The Women of Algiers in their Apartment


အဲဒီအချိန်ကာလက တစ်မူထူးခြားတဲ့ အကြောင်းအရာတစ်ခုပါပဲ။

- အေဒီ ၁၈၃၄ ခုနှစ်
- ပန်းချီဆရာ Eugene Delacroix
- ကင်းဗတ်စ်ပေါ် ဆီဆေး



ပန်းချီဆရာ Delacroix ဟာ မြောက်အာဖရိကတိုက်ကို သွားရောက်လည်ပတ်ရင်း အဲဒီက အလင်းရောင်တွေနဲ့ ပတ်ဝန်းကျင်ကို စိတ်ကူးဉာဏ် ကွန့်မြူးနိုင်ခဲ့ပါတယ်။ ဒီခရီးရဲ့ ရလဒ်က ဒီပန်းချီကားပါပဲ။ ရေးဆွဲထားတဲ့ အကြောင်းအရာဟာ ဥရောပမှာတော့ ထူးခြားနေပါတယ်။ အမျိုးသမီးတွေဟာ သူတို့ရဲ့ အိမ်ခန်းထဲမှာ ရှိနေပုံပါ။ ရင်းနီးဖော်ရွေမှုရှိစေတဲ့ အိမ်ခန်းအခင်းအကျင်းနဲ့ သာမန်အခြေခံလူတွေရဲ့ ရုပ်ပုံတွေဟာ အဲဒီ့ အချိန်ကာလက တစ်မူထူးခြားလှတဲ့ ပန်းချီလက်ရာပါပဲ။ သီးသန့် မီးမောင်းထိုးပြထားတဲ့ အလင်းရောင်နဲ့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေရဲ့သိသာကွဲပြားတဲ့မျက်နှာပြင်အနေအထားပြီးတော့ အမျိုးသမီးတွေရဲ့တောက်ပတဲ့အသားအရေအနုအရင့်ကိုတွေ့နိုင်ပါတယ်။

---



## စီစီလီယန်တို့၏ညနေခင်းဝတ်ပြုပွဲ (Sicilian Vespers)

သမိုင်းဝင် သူပုန်ထမှုတစ်ခုအား ရေးဆွဲဖော်ပြခြင်း

- အေဒီ ၁၈၄၅ - ၁၈၄၆ ခုနှစ်
- ပန်းချီဆရာ Francesco Hayez
- ကင်းဗတ်စ်ပေါ် ဆီဆေး

ပန်းချီဆရာ Hayez ဟာ အီတလီနိုင်ငံ မီလန်မြို့က ရိုမန်တစ်ခေါင်းဆောင် ပန်းချီဆရာတစ်ဦးဖြစ်ပါတယ်။ လှည့်နေတဲ့ ကိုယ်ဟန်အနေအထားတွေ၊ အရောင်အသွေးကြွယ်ဝမှုတွေ၊ အလင်းအမှောင်သွင်းမှု (Chiaroscuro) စနစ်နဲ့ ဒီပန်းချီကားဟာ စီစီလီယန်တွေရဲ့ညနေခင်းဝတ်ပြုပွဲတစ်ခုကို ရေးဆွဲထားတာပါ။ ၁၂၈၂ ခုနှစ်မှာ ပြင်သစ်ဘုရင် Charles I ရဲ့အုပ်ချုပ်မှုကို ဆန့်ကျင်တဲ့ သွေးစွန်းတဲ့ သူပုန်ထမှုဟာ စီစီလီယန် (Sicilian) မှာ ဖြစ်ခဲ့ပါတယ်။ ဒီသူပုန်ထမှု စတင်ခဲ့တဲ့နေရာကတော့ ညနေဆည်းဆာ ဝတ်ပြုဆုတောင်းပွဲတစ်ခုမှာပါပဲ။

mgyoe.com SAMPLE BOOK

# ရှုမျှော်ခင်းပန်းချီ
# LANDSCAPES



၁၉ ရာစုရဲ့ပန်းချီအနုပညာရှင်တချို့ဟာ သဘာဝတရားကြီးရဲ့အလှတရားနဲ့ စွမ်းအင်တွေဟာဖြင့် ပန်းချီရေးဆွဲဖော်ပြဖို့ရာ အလွန်ထိုက်တန်တဲ့ အကြောင်းအရာတွေဖြစ်တယ်လို့ ယုံကြည်ကြသလို လူသားတွေရဲ့စိတ်နေသဘောထားကိုလည်း မြှင့်တင်ပေးနိုင်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ သူတို့ဟာ အနုပညာစျာန်ဝင်စားမှုတွေနဲ့ ရှုမျှော်ခင်းသက်သက် ပန်းချီကားတွေကို ရေးဆွဲကြပါတယ်။ ဒီထဲမှာ ဘာဇာတ်လမ်းအဖြစ်အပျက်မှ မပါပါဘူး။ ဒီရှုမျှော်ခင်းသက်သက် ပန်းချီတွေကို မှတ်ချက်ချရရင် သူတို့ဟာ ရိုးရာအစဉ်အလာရေးဆွဲခဲ့တဲ့ ပန်းချီတွေကို (ဥပမာ) သမိုင်းဆိုင်ရာပန်းချီမျိုးတွေ၊ နေ့စဉ်ဘဝ ရှုခင်းမြင်ကွင်း ပန်းချီမျိုးတွေ၊ သက်ငြိမ်ပန်းချီမျိုးတွေ ပြီးတော့ ပုံတူပန်းချီတွေကို ခပ်ဝေးဝေးကိုပဲ ရှောင်ထားခဲ့ကြပါတယ်။

သူနဲ့ခေတ်ပြိုင် ပန်းချီဆရာများစွာနဲ့ Albert Bierstadt ဟာ မတူပါဘူး။ မတူတဲ့ အဓိကအကြောင်းကတော့ ပန်းချီပညာကို သူဟာသာသူ သင်ယူတတ်မြောက်ခဲ့လို့ပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

# သဘာဝတရား၏စွမ်းအင်

## The Power of Nature

ရှုမျှော်ခင်းပန်းချီကားတွေရေးဆွဲမှုဟာ ရိုမန်တစ်ကာလ (၁၈၀၀-၁၈၅၀ အတွင်း) မှာ အထူးရေပန်းစားပြီး တိုးတက်ခဲ့ပါတယ်။ ရိုမန်တစ် ပန်းချီပညာရှင်တွေဟာ အားကောင်းတဲ့ စိတ်ခံစားမှုအမျိုးမျိုးကို သယ်ဆောင်ဖော်ပြဖို့ စိတ်အားထက်သန်ခဲ့ကြပါတယ်။ သူတို့ရဲ့ပြသမှုတွေကိုကြည့်ရင် မြေပြင်အောက်ခြေ အပြောင်းအလဲ၊ ကောင်းကင်မှာ ပြည့်နေတဲ့ မိုးတိမ်တွေ၊ ဒီနှစ်ခုထဲကို ပေါင်းထည့်လိုက်တဲ့ ဝန်းကျင်လေထုအခြေအနေတွေပါပဲ။



▲ ရော့ကီးတောင်တန်း ရှုခင်းအလှ

**Rocky Mountain Landscape**

အေဒီ ၁၈၇၀ ခုနှစ်၊ ပန်းချီဆရာ Albert Bierstadt


ပန်းချီကျော် Bierstadt ကို ဂျာမဏီမှာ မွေးဖွားပါတယ်။ ဒါပေမဲ့ ဒီမှာ အဓိကရေးဆွဲပြထားတဲ့ တောင်ကြီးကတော့ ပြဇာတ်ပုံစံ မြင်ကွင်းနဲ့ အမေရိကန်နိုင်ငံမှာရှိတဲ့ နာမည်ကျော် "Rocky" တောင်တန်းကြီးပါပဲ။

mgyoe.com

## ရာသီဥတုအားပန်းချီရေးဆွဲခြင်း
## Painting The Weather

mgyoe.com SAMPLE BOOK


အင်္ဂလိပ်ပန်းချီဆရာ John Constable ဟာ "Six Footers" ဆိုတဲ့ ပန်းချီကားကြီးနဲ့ ကျော်ကြားအောင်မြင်ခဲ့ပါတယ်။ ဒီပန်းချီကားအရွယ်ဟာ ၁.၈ မီတာ (၆ ပေ) ရှိပြီး ကင်းဗတ်စ်ပေါ်မှာ ရေးဆွဲထားပါတယ်။ ဖော်ပြထားတဲ့ ရှုမျှော်ခင်းပန်းချီပုံဟာ အင်္ဂလန်နိုင်ငံ Dedham Vale က သူ့အိမ်အနားမှာရှိတဲ့ ရှုခင်းကို ရေးဆွဲထားတာပါပဲ။ သူက ရာသီဥတုပြောင်းလဲခြင်းရဲ့ အကျိုးသက်ရောက်မှုတွေကို စိတ်ဝင်စားပြီး သေးငယ်တဲ့ အစက်အပြောက်ရောင်စုံနဲ့ အသက်ဝင်နေတဲ့ ခံစားမှုရအောင် ငြိမ်နေတဲ့ရှုခင်းကို ဖန်တီးရေးဆွဲခဲ့ပါတယ်။



▲ **The Hay Wain**

အေဒီ ၁၈၂၁ ခုနှစ်၊ ပန်းချီဆရာ John Constable ကျစ်လစ်သိပ်သိပ်မှုအပြည့်နဲ့ ရေးဆွဲထားတဲ့ ဒီရှုမျှော်ခင်းပန်းချီဟာ အလုပ်အကိုင်လုပ်နေပုံကို ရေးဆွဲထားပါတယ်။ ပန်းချီကားခေါင်းစဉ်ဖြစ်တဲ့ "The Hay Wain" ဆိုတာ မြည်းလှည်း "က" တာကို ခေါ်တာဖြစ်ပြီး ဒီပန်းချီရဲ့အရှေ့မြင်ကွင်းမှာ တွေ့နိုင်ပါတယ်။ ခပ်လှမ်းလှမ်း အဝေးတစ်နေရာမှာတော့ လယ်ကွင်းထဲ မြက်ခြောက်လှန်းနေသူတွေဟာ အလုပ်လုပ်နေကြပါတယ်။

mgyoe.com



### ▶ The Sea of Ice

အေဒီ ၁၈၂၃–၁၈၂၄ ခုနှစ်၊
ပန်းချီဆရာ Caspar David Friedrich
ဒီပန်းချီပုံဟာ သဘာဝတရားကြီးရဲ့
အင်အားစွမ်းပကားဟာ လူသားတွေထက်
သာလွန်တယ်ဆိုတာကို ရေခဲပြင်ထဲ
နစ်မြုပ်နေတဲ့ သင်္ဘောကို ဖော်ပြညွှန်းဆိုထား
သလို လူသားဘဝရဲ့နုနယ်မှု၊ မခိုင်ခံ့မှုကို
ခံစားရစေပါတယ်။

SAMPLE BOOK

## ဘုရားသခင်၏အလင်းရောင်
## GOD'S LIGHT

ဂျာမန် ရိုမန်တစ်ပန်းချီဆရာ Caspar David Friedrich ဟာ အလင်းရောင်တွေရဲ့အကျိုးသက်ရောက်မှုကို ရေးဆွဲတာနဲ့ပတ်သက်ပြီး အထူးစိတ်ဝင်တစားရှိလှပါတယ်။ ဒီအခန်းကဏ္ဍနဲ့ပတ်သက်ပြီး ပန်းချီဆရာတစ်ယောက်အနေနဲ့ သူ့မှာ ခံစားချက်ရှိပါတယ်။ ဒါကတော့ ဘုရားသခင်ရဲ့စွမ်းအားကို ဖန်တီးရေးဆွဲ ဖော်ပြဖို့ပါပဲ။ ဒါကြောင့် ယခု ဖော်ပြထားတဲ့ သူ့ရဲ့ ရှုမျှော်ခင်းပန်းချီကားကိုကြည့်ရင် ဘာသာရေး ယုံကြည်သက်ဝင်ခံစားမှုကို နက်နက်ရှိုင်းရှိုင်း တွေ့ရမှာဖြစ်ပါတယ်။ ပန်းချီပုံကိုကြည့်ရင် ရာသီဥတုအခြေအနေဟာ အလွန်အေးပြီး ဆိုးဝါးလှပါတယ်။ ဒါပေမဲ့လို့ အားအလွန်ကောင်းတဲ့ ခံစားမှုအပြည့်နဲ့ ဝန်းကျင်အသွင်အပြင် ပြီးတော့ ဘာသာရေးဆိုင်ရာ သင်္ကေတတွေနဲ့ စုစည်းဖော်ပြထားမှု စတာတွေကို တွေ့ရမှာဖြစ်ပါတယ်။



### ◀ သီးနှံရိတ်သိမ်းချိန်
### The Harvest

အေဒီ ၁၈၅၁ ခုနှစ်၊
ပန်းချီဆရာ Daubigny ဟာ ဒီရှုမျှော်ခင်းပန်းချီကို
သူ့ရဲ့မြစ်ထဲမှာရှိတဲ့ လှေပေါ်စတူဒီယို
(Daubigny riverboat Studio) မှာရေးဆွဲခဲ့ပါတယ်။

## သယ်ရသုံးရလွယ်ကူလာသောပန်းချီဆေးများ
## Portable Paints

ပန်းချီဆရာတွေ သုံးစွဲကြတဲ့ ကိုယ်ပိုင်ပန်းချီဆေးတွေဟာ ရာစုနှစ်ပေါင်းများစွာ အမျိုးမျိုးအဖုံဖုံ ရှိခဲ့ကြပါတယ်။ ဒီပန်းချီဆေးတွေကို သိမ်းဆည်းထားဖို့အတွက် (ပူစီဖောင်းလို) ဝက်ဆီးအိမ်အိတ်တွေထဲ ထည့်သိမ်းခဲ့ကြပါတယ်။ ဒီဆီးအိမ်အိတ်ကို အပ်နဲ့ဖောက် ညှစ်ထုတ်ပြီး ထွက်လာတဲ့ ပန်းချီဆေးတွေကို အသုံးပြုပါတယ်။ ဒီပန်းချီဆေးတွေကို ပြန်လည်ရောင်းချလို့မရသလို လက်ကျန်ဆေးတွေဟာလည်း ခြောက်သွားပါတယ်။ ၁၈၄၀ ခုနှစ်မှာတော့ အမေရိကန်ပန်းချီဆရာ "John Goffe Rand" ဟာ ခေါက်လို့ချိုးလို့ရတဲ့ သံဘူးသွပ် အဆင်သင့်စပ်ပြီးသား ပန်းချီဆေးကို တီထွင်ခဲ့ပါတယ်။ ဒီတီထွင်မှုကြောင့် ဆေးရဲ့အစိုဓာတ်ကို ထိန်းသိမ်းထားနိုင်တဲ့ ပန်းချီဆေးတွေနဲ့ ရှုမျှော်ခင်းပန်းချီဆရာတွေဟာ လွယ်လွယ်ကူကူပဲ ပြင်ပ အောက်ဒိုး (outdoor) ထွက်ပြီး ပန်းချီရေးဆွဲနိုင်ခဲ့ကြပါတယ်။

# အသရေတောက်တောက်တယ် ဂုဏ်ဝင့်ထည်သော ရှုမျှော်ခင်းပန်းချီ

## GLORIOUS LANDSCAPES

SAMPLE BOOK



ပန်းချီအနုပညာစာစဉ် (၃)    ၂၂

တရုတ်ပြည်မှာတော့ ရှုမျှော်ခင်းပန်းချီဆိုတာ ရှည်ကြာလှတဲ့ သမိုင်းကြောင်းတစ်လျှောက်ရှိခဲ့တာမို့
ရိုးရာရှုမျှော်ခင်းပန်းချီတောင် ဖြစ်နေခဲ့ပါပြီ။
ဒါပေမဲ့ ဥရောပပန်းချီမှာတော့ ၁၈ ရာစုမတိုင်မီအထိ ရှုမျှော်ခင်းပန်းချီသက်သက်ဆိုတာ
အများနဲ့သက်ဆိုင်တဲ့ပန်းချီ မဟုတ်ခဲ့ပါဘူး။
ဒတ်ချ်ရွှေခေတ် ပန်းချီဆရာတွေရဲ့အနုပညာစျာန်ဝင်စားမှု၊
၁၈ ရာစုမှာ ရှုမျှော်ခင်း မြင်ကွင်းကျယ်ပန်းချီရေးဆွဲမှု၊ ပြီးတော့ ရိုမန်တစ်လှုပ်ရှားမှု၊
၁၉ ရာစု ပြင်သစ်နဲ့ အမေရိကန်နိုင်ငံတွေမှာ ရှုမျှော်ခင်းပန်းချီကျောင်းတွေပေါ်ထွက်လာမှု စတာတွေဟာ
ရှုမျှော်ခင်းပန်းချီရဲ့အသရေတောက်တယ်၊ ဂုဏ်ဝင့်ထည်မှုတွေပါပဲ။

mgyoe.com

## သီးနှံရိတ်သိမ်းကြသူများ

## The Harvesters

ကျေးလက် နေ့စဉ်ဘဝရှုခင်း။

- အေဒီ ၁၅၆၅ ခုနှစ်
- ပန်းချီဆရာ Pieter Bruegel the Elder
- သစ်သားပေါ် ဆီဆေး



ဒီပန်းချီကားဟာ နှစ်တစ်နှစ်ရဲ့ကွဲပြားတဲ့ အချိန်ရာသီအလိုက် ၆ ကားတွဲ ရေးဆွဲထားတဲ့ ပန်းချီကားတွေထဲက ကားတစ်ကားပါ။ ဇူလိုင်လကနေ ဩဂုတ်လကြားကာလ သီးနှံရိတ်သိမ်းချိန်မှာ ရင့်မှည့်နေတဲ့ဂျုံတွေကို အလုပ်သမားတွေက ဖြတ်တောက် စုပုံနေချိန် ရေးဆွဲထားတာပါပဲ။ လူတစ်စုဟာ သစ်တော်သီးပင်ရဲ့ အရိပ်အောက်မှာ ပျော်ရွှင်စွာနဲ့ နေ့လယ်စာစားသောက်နေကြပြီး တခြားလူတွေကတော့ အလုပ်လုပ်နေကြပါတယ်။ ဒတ်ချ် ပန်းချီဆရာ ရေးဆွဲထားတဲ့ ဒီပုံဟာ အဲဒီအချိန်က အလွန်ထူးခြားတဲ့ ပန်းချီဖြစ်ခဲ့ပါတယ်။ သူက သာမန်ပြည်သူတွေရဲ့နေ့စဉ် ဘဝအခြေအနေကို ရေးဆွဲဖော်ပြထားလို့ပါပဲ။



## အဖြူရောင်တိမ်များနှင့် အစိမ်းရောင်တောင်များ

## White Clouds and Green Mountains

တရုတ်ရှုမျှော်ခင်းပန်းချီ၏ ဝန်းကျင်အသွင်အပြင်။

- အေဒီ ၁၆၆၈ ခုနှစ်
- ပန်းချီဆရာ Wu Li
- ပိုးသားပေါ် မင်နှင့် ဆေးရောင်စုံ

တရုတ်ပြည်မှာ ရှုမျှော်ခင်းပန်းချီတွေ ရေးဆွဲခဲ့တာဟာ ရှေးနှစ်ပေါင်းများစွာကာလကတည်းကဖြစ်ပြီး အလွန်အရေးကြီးလှတဲ့ ပန်းချီပုံသဏ္ဍာန်တစ်ခုပါ။ ပန်းချီဆရာ Wu Li ရဲ့နူးညံ့လှတဲ့ ဒီလက်ရာမှာ မြူဖုံးလွှမ်းနေတဲ့ မိုးတိမ်တွေ၊ အစိမ်းရောင် တောင်တွေ၊ ပြီးတော့ အဖုအထစ်တွေနဲ့ သစ်ပင်တွေ၊ ဒါတွေအားလုံးရဲ့ငြိမ်သက်မှုကို ဖမ်းယူပြထားပြီး ရင်သပ်ရှုမောဖွယ် ရှုမျှော်ခင်းပန်းချီ ဖြစ်စေခဲ့ပါတယ်။ သူဟာ ဒီပန်းချီကားကို အသက်ဝင်နေတဲ့ ရှုခင်းတစ်ခုအဖြစ် မဖန်တီးထားပါဘူး။ ဒါပေမဲ့ တည်ရှိနေတဲ့ တောင်တွေဆီ စိတ်ခံစားမှုသက်ရောက်စေဖို့ ပိုပြီး ဖန်တီးထားခဲ့ပါတယ်။



SAMPLE BOOK mgyaw.com



mgyoe.com SAMPLE BOOK

## The Oxbow

ရိုမန်တစ်ပန်းချီလှုပ်ရှားမှုရဲ့ ဩဇာသက်ရောက်မှု ရှိခဲ့တဲ့ အမေရိကန် ရှုမျှော်ခင်းပန်းချီဆရာတစ်ဦး။

- အေဒီ ၁၈၃၆ ခုနှစ်
- ပန်းချီဆရာ Thomas cole
- ကင်းဗတ်စ်ပေါ် ဆီဆေး

အမေရိကန် ပန်းချီဆရာ Thomas Cole ဟာ အမေရိကန်မှာ ရှုမျှော်ခင်းပန်းချီတွေ မရေးဆွဲခင် ဥရောပမှာ ရှုမျှော်ခင်းပန်းချီရေးဆွဲပုံတွေကို လေ့လာသင်ယူခဲ့ပါတယ်။ တခြားပန်းချီဆရာတွေနဲ့အတူ Cole ဟာ အမေရိကန်နိုင်ငံမှာ Hudson River School of Landscape artists ကျောင်းကို စတင်ထူထောင်ခဲ့ပါတယ်။ မြစ်ရဲ့မြင်ကွင်းကို ဖော်ပြရေးဆွဲထားတဲ့ ဒီပန်းချီကားနာမည်ကို The Oxbow လို့ ပေးထားတာကတော့ မြစ်ရဲ့ကွေးနေတဲ့ ပုံသဏ္ဌာန်ကို ပြောတာပါပဲ။ ဒီပန်းချီကားမှာ လျှပ်စီးမိုးကြိုးမုန်တိုင်းပြီးတဲ့နောက် နေထွက်ပေါ်လာတာကိုလည်း ရေးဆွဲထားပါသေးတယ်။

## Ville d' Avray, the Pond, and the Cabassud House


ပြင်သစ်ရှုမျှော်ခင်းပန်းချီကျောင်း "Barbizon School" မှ ပန်းချီကား

- အေဒီ ၁၈၄၃ - ၁၈၅၀ ခုနှစ်
- ပန်းချီဆရာ Jean-Baptiste-Camille Corot
- စက္ကူအောင်သွင်း ကင်းဗတ်စ်ပေါ် ဆီဆေး

ဒီပန်းချီဆရာ Corot ဟာ ၁၈၄၀ ခုနှစ်တွေဆီက ပြင်သစ်နိုင်ငံ ပဲရစ်မြို့အနီးနား Barbizon ဆိုတဲ့ ရွာလေးဝန်းကျင်တစ်ဝိုက်မှာ ရှုမျှော်ခင်းပန်းချီတွေကို စတင်ရေးဆွဲခဲ့ကြတဲ့ ပန်းချီဆရာတွေထဲက တစ်ဦးပါပဲ။ ဒီပန်းချီဆရာတွေ ရေးဆွဲကြပုံက စုတ်ချက်တွေကို လွတ်ထားပါတယ်။ သဘာဝအရောင်နဲ့ သေးငယ်တဲ့ အကွက်အပြောက်လေးတွေကို တဖြည်းဖြည်း ကြီးထွားလာအောင်ရေးဆွဲပြီး ရှုခင်းကို ပုံဖော်ပါတယ်။ သူတို့ကိုလည်း "Barbizon School" လို့ တဖြည်းဖြည်း လူသိများလာပါတော့တယ်။

### ▶ နေရောင်ရနေသော ရှုခင်း
### Sunlit Scene

ပန်းချီဆရာ Corot ဟာ ပဲရစ်မြို့အပြင်ဘက် သူ့အိမ်အနီးနားက ရှုခင်းကို ရေးဆွဲထားတာပါ။ သူဟာ ဒီပန်းချီကားကို ရေးဆွဲတဲ့နေရာမှာ နေရောင်နဲ့ပတ်သက်ပြီး တခြား ရှုမျှော်ခင်းပန်းချီတွေနဲ့ မတူအောင် အထူးအာရုံစိုက် ရေးဆွဲထားသလို နေရောင်စူးနေတဲ့အထိ အကျိုးသက်ရောက်မှုရှိတဲ့အချိန်ကို အမိအရ ရေးဆွဲထားပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK


# Hetch Hetchy တောင်ကြား

(ရေခဲမြစ်တောင်ကြား)

## Hetch Hetchy Valley

အမေရိကန် Luminism ၏ဥပမာလက်ရာတစ်ခု

- အေဒီ ၁၈၉၀ ခုနှစ်
- ပန်းချီဆရာ Albert Bierstadt
- ကင်းဗတ်စ်ပေါ် ဆီဆေး



Hudson River School ပန်းချီဆရာတစ်ဦးဖြစ်သလို အမေရိကန်ပန်းချီဆရာတစ်ဦးလည်းဖြစ်တဲ့ Bierstadt ရဲ့ ကယ်လီဖိုးနီးယားဒေသ ရှုမျှော်ခင်း ပန်းချီလက်ရာပါ။

ဒီပန်းချီပုံမှာ ဝန်းကျင်အငွေ့အသက်ကို အမိအရရေးဆွဲထားပုံဟာ အံ့သြဖွယ်ကောင်းလှပါတယ်။ သူသုံးစွဲထားတဲ့ ခမ်းနားပြီး ရွှန်းဝေလှပတဲ့ အရောင်တွေဟာ ဥရောပ ရိုမန်တစ် ရှုမျှော်ခင်းပန်းချီရဲ့ဩဇာလွှမ်းမိုးမှုကိုပြသနေပါတယ်။ ပြီးတော့ အလင်းရောင် ဖြာကျနေပုံရဲ့သက်ရောက်မှုတွေကိုဖန်တီးထားတာဟာလဲ Luminism ဟန်ရဲ့ပုံစံတစ်ခု၊ နည်းစနစ်တစ်ခုကို သုံးစွဲထားတာပါပဲ။ ဒီပန်းချီရေးဆွဲဟန် Luminism ဟာ အမေရိကန်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။





mgyoe.com

mgyoe.com

SAMPLE BOOK

# တာနာ JMW TURNER





အသက် ၂၄ နှစ်အရွယ်က
သူ့ရဲ့ ကိုယ်တိုင်ရေးပုံတူပန်းချီ

**Joseph Mallord William Turner ဆိုတဲ့**
**အင်္ဂလိပ် ရိုမန်တစ်ပန်းချီဆရာဟာ ရှုမျှော်ခင်းပန်းချီကို ဂုဏ်အဆင့်အတန်း မြင့်တက်လာအောင် စွမ်းဆောင်ခဲ့တဲ့သူတစ်ယောက်ပဲ ဖြစ်ပါတယ်။**
**ပန်းချီအလုပ်အကိုင်ကို ဆယ်ကျော်သက်အရွယ်ကတည်းက လုပ်ကိုင်ခဲ့ပြီး သူ့ရဲ့ပြဇာတ်ပုံစံ မြင်ကွင်းပန်းချီတွေရေးဆွဲမှုနဲ့ နာမည်ကျော်ကြားလာခဲ့ပါတယ်။**
**ပန်းချီရေးဆွဲရာမှာ ဝန်းကျင်အသွင်အပြင် အငွေ့အသက်တွေကို အသားပေး ရေးဆွဲဖော်ပြသလို အလင်းရောင်နဲ့ ပန်းချီရဲ့အရောင်အဆင်း ပြီးတော့ ရာသီဥတုသွင်ပြင်တွေကို ခမ်းနားလာအောင် ပန်တီးနိုင်မှုကြောင့် ကျော်ကြားသူတစ်ဦးပဲ ဖြစ်ပါတယ်။**

mgyoe.com


mgyoe.com SAMPLE BOOK

▲ နှင်းမုန်တိုင်း [ဘုရင် ဟန်နီဘောလ်နှင့် သူ၏စစ်တပ် အဲလ်ပ်စ်တောင်တန်းအား ဖြတ်ကျော်ခြင်း]

**Snowstorm: Hannibal And His Army Crossing The Alpes**

အေဒီ ၁၈၁၂ ခုနှစ်။

ဒီပန်းချီလက်ရာကိုကြည့်ရင် အဲလ်ပ်စ်တောင်တန်းကို ဖြတ်ကျော်ချိန် အလွန်အန္တရာယ်ကြီးမားတဲ့ ရာသီဥတုအခြေအနေ ပေါ်လွင်အောင် အမိအရရေးဆွဲထားပြီး ပြင်းထန်လွန်းတဲ့ ရာသီဥတုအခြေအနေကို ပြဇာတ်ဟန်ပုံစံ တွေ့ရမှာဖြစ်ပါတယ်။

## အလင်းရောင်ပန်းချီဆရာ
## Painter of Light

ပန်းချီအလုပ်အကိုင်ကို နှစ်ပေါင်း ၆၀ ကျော် လုပ်ကိုင်ခဲ့တဲ့ Turner ဟာ ၁၉ ရာစုရဲ့ အလွန်အရေးပါတဲ့ ရှုမျှော်ခင်းပန်းချီဆရာတစ်ဦးဖြစ်ပြီး သူ့ရဲ့ နောက်ထပ်နာမည်တစ်ခုကတော့ အလင်းရောင်ပန်းချီဆရာ (the painter of light) ပါ။ ဘာကြောင့် ဒီနာမည်ကိုပေးရတာလဲဆိုရင် အမှောင်ထဲမှာ အလင်းရောင်ထွက်အောင် ပန်းချီဆေးရောင်စုံနဲ့ ရေးဆွဲနိုင်တဲ့ သူ့ရဲ့စွမ်းရည်ကြောင့်ပါပဲ။ ပြီးတော့လဲ ရေဆေးနဲ့ပဲဖြစ်ဖြစ်၊ ဆီဆေးနဲ့ပဲဖြစ်ဖြစ် ဝန်းကျင်အသွင်အပြင် အငွေ့အသက်ကို အင်ပြည့်အားပြည့် ခံစားမှုပေါ်လွင်အောင် ဖန်တီးပြနိုင်ပါတယ်။ သူ့ရဲ့ ပထမဦးဆုံး ရေဆေးပန်းချီပြပွဲကို လန်ဒန် တော်ဝင်အကယ်ဒမီမှာ ကျင်းပပြုလုပ်ခဲ့ပြီး အဲဒီအချိန်က သူ့အသက်ဟာ ၁၅ နှစ်ပဲ ရှိပါသေးတယ်။ သူ့အသက် ၂၇ နှစ်မှာတော့ လန်ဒန် တော်ဝင်အကယ်ဒမီမှာ အသက်အငယ်ဆုံး အမြဲတမ်းအဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။



mgyoe.com

# ဟန်ပြောင်းလဲခြင်း

## Changing Style

mgyee.com SAMPLE BOOK

ဒတ်ချ်ရွှေခေတ် ပန်းချီလက်ရာတွေအပေါ် ဉာဏ်ကွန့်မြူးခဲ့တဲ့ Turner ဟာ သူ့နာမည်နဲ့ အလုပ်တွေကို ဘယ်လိုတည်ဆောက်ယူခဲ့သလဲလို့ကြည့်ရင် အသေးစိတ်တိကျတဲ့ ကုန်းမြေရှုခင်းပန်းချီအတွဲလိုက်တွေ၊ ပင်လယ်ရှုခင်းပန်းချီတွေနဲ့ ဗိသုကာဆိုင်ရာအလုပ်တွေကို ဆီဆေး၊ ရေဆေး၊ ပုံတွင်းပညာရပ်တွေနဲ့အတူ ပြုလုပ်တည်ဆောက်ယူခဲ့ပါတယ်။ သူ့အသက်အရွယ် အိုမင်းလာတာနဲ့အမျှ သူ့ဟန်ဟာလည်း ပြောင်းလဲလာခဲ့ပါတယ်။ သူ့ရဲ့ နောက်ပိုင်းလက်ရာတွေကိုကြည့်ရင် Sweeping ဟန်၊ expressive ဟန်နဲ့ Abstract ပန်းချီ ဖြစ်လုနီးပါး ဟန်တွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ဒီလက်ရာတွေဟာ သူ့ရဲ့ အကျော်ကြားဆုံး အနုပညာလက်ရာတွေ ဖြစ်ခဲ့ပါတော့တယ်။



▲ Temeraire စစ်သင်္ဘော

**The Fighting Temeraire**

အေဒီ ၁၈၃၉ ခုနှစ်။

ဒီပန်းချီကား မရေးဆွဲခင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ဖြစ်ပွားတဲ့ "Trafalgar" စစ်ပွဲထဲမှာ ဒီ Temeraire စစ်သင်္ဘောဟာ အလွန်အရေးပါတဲ့ သင်္ဘောတစ်စင်းပါပဲ။ ဒီပန်းချီကားကိုကြည့်ရင် နောက်ခံနေလုံးကို ဆန့်ကျင်ပြီး တစ္ဆေတစ်ကောင်လိုလို တွေ့ရမှာပါ။

mgyee.com

mgyoe.com SAMPLE BOOK

# ဘဝဇာတ်ကြောင်း

## Life Story



**၁၇၇၅-၁၇၈၇**

Turner ကို ၁၇၇၅ ခုနှစ်မှာ လန်ဒန်မြို့ Covent Garden မှာ မွေးဖွားပါတယ်။ ၁၇၈၇ ခုနှစ်မှာ သူ့ရဲ့ ပုံကြမ်းပန်းချီလက်ရာတွေကို သူ့ဖခင်ရဲ့ ဆံပင်ညှပ်ဆိုင်မှာ ခင်းကျင်းပြသ ရောင်းချခဲ့ပါတယ်။

**၁၇၈၈-၁၇၉၁**

Turner ဟာ ပန်းချီဆရာ Thomas Malton နဲ့အတူ ဗိသုကာအလုပ်လုပ်ခဲ့ပြီး အမြင် ရေးဆွဲနည်း (Perspective) ကို လေ့လာသင်ကြားပါတယ်။ အသက် ၁၅ နှစ်မှာတော့ ပထမဦးဆုံးအကြိမ် ရေဆေးပန်းချီပြပွဲကို လန်ဒန် တော်ဝင်အကယ်ဒမီမှာ ပြုလုပ်ခဲ့ပါတယ်။

**၁၇၉၆**

တချို့ နွေရာသီကာလတွေမှာ အင်္ဂလန်နိုင်ငံတစ်ဝန်း သွားလာပြီး ပုံကြမ်းဆွဲတာ၊ ပန်းချီ ဆွဲတာတွေ ပြုလုပ်ခဲ့ပါတယ်။ သူ့ရဲ့ ပထမဦးဆုံး ဆီဆေးပန်းချီပြပွဲ "ပင်လယ်မှ တံငါ" (Fisherman at Sea) ကို ပြသခဲ့ပြီး ဒီပြပွဲကြောင့် သူ နာမည်ကျော်လာခဲ့ပါတယ်။

**၁၈၀၂-၁၈၁၁**

၁၈၀၂ ခုနှစ်မှာ Turner ဟာ ဆွစ်ဇာလန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံတွေဆီ ခရီးထွက်ခဲ့ပါတယ်။ ၁၈၀၇ ခုနှစ်မှာတော့ လန်ဒန် တော်ဝင်အကယ်ဒမီရဲ့ ပါမောက္ခတစ်ယောက် ဖြစ်လာခဲ့ပါ တယ်။

**၁၈၁၂-၁၈၁၈**

အလင်းရောင်ရဲ့ အကျိုးသက်ရောက်မှုတွေကို အာရုံစိုက်ပြီး လေ့လာခဲ့သလို Turner ရဲ့ ပန်းချီလက်ရာတွေဟာလဲ သဘာဝရဲ့အင်အားကို ဖော်ပြနိုင်မှု၊ ပြဇာတ်ပုံစံမြင်ကွင်းတွေ ဖန်တီးနိုင်မှုနဲ့ ဝန်းကျင်အသွင်အပြင်တွေကို ပိုပြီး ရေးဆွဲနိုင်လာခဲ့ပါတယ်။

**၁၈၁၆-၁၈၂၂**

ဒီကာလတွေမှာ နပိုလီယံနဲ့သက်ဆိုင်တဲ့ စစ်ပွဲတွေဟာ ဥရောပမှာ ပြီးဆုံးသွားတာကြောင့် ငြိမ်းချမ်းတဲ့အခါကာလဖြစ်တာနဲ့အညီ Turner ဟာ နိုင်ငံရပ်ခြားကို ခရီးထွက်ပါတော့ တယ်။ ဒီတစ်ခါ သူသွားတဲ့ခရီးတွေဟာ အီတလီက ရောမမြို့၊ နေပယ်လ်မြို့နဲ့ ဗင်းနစ်မြို့တို့ ဖြစ်သလို စကော့တလန်ကိုလည်း ရောက်ခဲ့ပါတယ်။

**၁၈၂၃-၁၈၃၆**

ဗြိတိသျှဘုရင်မင်းမြတ်က Turner ကို Trafalgar စစ်ပွဲအကြောင်း ပန်းချီရေးဆွဲဖို့ မေးမြန်း ပြောဆိုခဲ့ပါတယ်။ သူဟာ ဥရောပကို နောက်တစ်ကြိမ် ခရီးတွေမထွက်ခင် ပုံမှန်နေထိုင်လေ့ ရှိပြီး ပန်းချီတွေရေးဆွဲခဲ့တဲ့နေရာကတော့ UK ရဲ့ Sussex မှာရှိတဲ့ Petworth မြို့ငယ် လေးပါ။

**၁၈၅၁**

Turner ကွယ်လွန်ခဲ့တာဟာ ၁၈၅၁ ခုနှစ် ဒီဇင်ဘာလပါ။ သူ့ရဲ့ နောက်ဆုံးစကားကတော့ "The Sun is God" ပါ။ သူ ကွယ်လွန်ဆုံးပါးပြီးတဲ့နောက်မှာ ဗြိတိသျှပြည်သူတွေ အတွက် အနုပညာလက်ရာပေါင်း ၁၉၀၀၀ ကျော် ချန်ထားရစ်ခဲ့ပါတယ်။

mgyoe.com

# အရှိအတိုင်း၊ အမှန်အတိုင်း၊ သရုပ်မှန်ပန်းချီ REALISM

SAMPLE BOOK



၁၉ ရာစု ပြင်သစ်နိုင်ငံမှာ Realism ဟာ စတင်ခဲ့ပါတယ်။
Realism လှုပ်ရှားမှုဟာ ပန်းချီရေးဆွဲတဲ့နေရာမှာ မှန်မှန်ကန်ကန်နဲ့
အရင်းအတိုင်း (truthfully) ရေးဆွဲဖို့၊ တိုင်းသူပြည်သားတွေ အလုပ်လုပ်ကိုင်နေကြပုံမျိုး
တကယ့် အစစ်အမှန်ဘဝကို ရေးဆွဲဖော်ပြကြဖို့ပါပဲ။
ဒီ ၁၉ ရာစုကိုကြည့်ရင် သိပ္ပံပညာရပ်နယ်ပယ်မှာ တိုးတက်မှုတွေ ရှိလာခဲ့ပါတယ်။
ဓာတ်ပုံရိုက်ကူးလို့ ရလာသလို အဆင်သင့် ယူဆောင် အသုံးပြုလို့ရတဲ့ ရောစပ်ပြီးသား ပန်းချီဆေးတွေ
ပြီးတော့ သယ်ဆောင်ရလွယ်ကူတဲ့ ပန်းချီကားတင်တဲ့ဒေါက်တွေ ရှိလာတာကြောင့်
ပန်းချီဆရာတွေဟာ အိမ်ထဲကနေထွက်ပြီး
ကမ္ဘာကြီးထဲမှာ လွယ်လွယ်ကူကူ ပန်းချီတွေ ရေးဆွဲနိုင်လာခဲ့ပါတယ်။

၀၄ (၃)ဦးဝေလထေသဝဲနှင့်ဒေါ်ဖွီးနွံ

mgyoe.com

## ခေတ်သစ်ကမ္ဘာကိုပန်းချီရေးဆွဲခြင်း
## Painting The Modern World

SAMPLE BOOK

အစစ်အမှန်၊ သဘာဝကျကျ ပန်းချီတွေကို Renaissance ခေတ် ပန်းချီဆရာတွေ ရေးဆွဲခဲ့ကြပေမယ့် သူတို့ ရေးဆွဲခဲ့တာက နေ့စဉ် ဘဝအခြေအနေတွေနဲ့ အလွန်ဝေးကွာပြီး ရေးဆွဲပြခဲ့ကြတာကို မကြာခဏ တွေ့ဖြစ်ခဲ့ကြရပါတယ်။ အရှိအတိုင်း၊ အရင်းအတိုင်း (Realist) ကို ရေးဆွဲတဲ့ ပန်းချီဆရာတွေကတော့ စက်မှုတော်လှန်ရေး (၁၇၆၀-၁၈၄၀) ရဲ့ရလဒ်တွေကို ရွေးချယ်ပြီး ရေးဆွဲခဲ့ကြတာပါ။ ဥပမာ ရထားလမ်းနဲ့ တံတားတည်ဆောက်ပုံတွေပါ။ ပြီးတော့ စက်မှုတော်လှန်ရေးကြီးက သူတို့ဘဝတွေအပေါ် အကျိုးသက်ရောက်မှုရှိခဲ့တာတွေကို ရေးဆွဲဖော်ပြခဲ့ကြတာပါပဲ။



▶ ကျောက်ခွဲသမားများ
**The Stone Breakers**
အေဒီ ၁၈၄၉ခုနှစ်၊ ပန်းချီဆရာ Gustave Courbet အလုပ်သမားနှစ်ယောက်ဟာ လမ်းသစ်တစ်ခုခင်းဖို့အတွက် ကျောက်တုံးတွေကို သယ်ရွှေ့နေပုံနဲ့ ခွဲနေပုံပါ။

ဒီကနေ့ခေတ်
ပန်းချီအနုပညာ သမိုင်းပညာရှင် အများအပြားက
အရှိကိုအရှိအတိုင်းရေးဆွဲခြင်း ပန်းချီလှုပ်ရှားမှု
(Realist movement) ဟာ
မော်ဒန်ပန်းချီ (Modern art)
စတင်မှု အမှတ်အသားအဖြစ်
ယူဆကြပါတယ်။



mgyoe.com

## သာမန်အခြေခံပြည်သူများ
### Oridinary People

SAMPLE BOOK

၁၈၄၀ ခုနှစ် နှောင်းပိုင်းမှာ အရှိအတိုင်း၊ အမှန်အတိုင်း လက်ခံခြင်း (Realist) လှုပ်ရှားမှုဟာ စတင်ခဲ့ပါတယ်။ အဲဒီ့အချိန်ကာလ ပြင်သစ်နိုင်ငံ ပဲရစ်မြို့က ကော်ဖီဆိုင်တစ်ဆိုင်မှာ ပန်းချီဆရာတွေနဲ့ စာရေးဆရာတစ်စုတို့ ဆွေးနွေးတိုင်ပင်ကြပါတယ်။ နိုင်ငံရေးနဲ့ လူမှုရေးကိစ္စတွေမှာ စာပေရေးသားခြင်းနဲ့ ပန်းချီရေးဆွဲခြင်းအကြောင်းဆိုင်ရာတွေကို ဆွေးနွေးကြတာပါ။ ဒီလို ဆွေးနွေးတိုင်ပင်မှုတွေကနေ စိတ်ကူးသစ်တွေ တိုးတက်ရရှိခဲ့ပြီး ရရှိခဲ့တဲ့ အကြောင်းအရာကတော့ စစ်မှန်မှု၊ အစစ်ဖြစ်မှု (authenticity) ပါ။ ဒီလိုနဲ့ ဆုံးဖြတ်ချက် ချလိုက်ကြပါတယ်။ တကယ် လက်တွေ့မြင်နေရတဲ့ဘဝတွေကို တိုက်ရိုက် ပန်းချီရေးဆွဲဖော်ပြဖို့ပါပဲ။ ဒါကြောင့်ပဲ Realism ပန်းချီဆရာတွေဟာ သာမန်အခြေခံပြည်သူတွေ ဘယ်လိုဘယ်ပုံ ရှင်သန်ရပ်တည်နေကြတယ်ဆိုတာကို ရေးသားဖော်ပြခဲ့ကြပါတယ်။

▼ ကောက်သင်းကောက်သူများ

**The Gleaners**

အေဒီ ၁၈၅၇ ခုနှစ်၊ ပန်းချီဆရာ Jean-Francois Millet

တောင်သူလယ်သမား ဆင်းရဲသားတွေရဲ့ဘဝကို သိစေချင်လို့ ရေးဆွဲထားတဲ့ ပန်းချီမြင်ကွင်းပါ။ ပန်းချီဆရာ Millet ဟာ ပုံမှန်အရွယ်အစားထက် ပိုကြီးမားတဲ့ ကင်းဗတ်စ်စနဲ့ ဒီပန်းချီကားကို သူ့အတွက် အထူးအရေးပါတဲ့ ပြည်သူတွေအတွက် ရေးဆွဲခဲ့ပါတယ်။





## သဘာဝပုံတူ
### Natural Portraits

ခမ်းနားလှတဲ့ ဝန်းကျင်၊ ထူးခြားဆန်းပြားတဲ့ အဆင်တန်ဆာတွေနဲ့ မာမာတောင့်တောင့် ကိုယ်ဟန်ပြမှုတွေဟာ အရှိအတိုင်း၊ သရုပ်မှန်ပုံတူရေးဆွဲမှု (Realist Portraits) တွေမှာတော့ နေရာမရှိပါဘူး။ အရှိကိုအရှိအတိုင်း ပန်းချီရေးဆွဲကြတဲ့ (Realist artists) တွေဟာ သူ့ခေတ်ကာလရဲ့ ဝတ်စားဆင်ယင်မှုအတိုင်း၊ သဘာဝအတိုင်း ကိုယ်ဟန်ပြမှုပုံစံတွေနဲ့ သဘာဝ ပုံတူပန်းချီကိုပဲ ရေးဆွဲကြပါတယ်။ ဒီဆန့်ကျင်ဘက် ၂ ခုကတော့ ရိုးရှင်းအစဉ်အလာအတိုင်း တခမ်းတနား ဟန်အမူအရာပုံစံရေးဆွဲမှုနဲ့ အကြောင်းအရာကိုလိုက်ပြီး သူတို့မှာရှိတဲ့ ဝတ်ကောင်းစားလှလေးတွေနဲ့ ပန်းချီရေးဆွဲ ဖော်ပြမှုတို့ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



**The Woman In Blue**

အေဒီ ၁၈၇၄ ခုနှစ်၊
ပန်းချီဆရာ Jean - Baptiste - Camille Corot
အိမ်နေရင်း ထသွားထလာအဝတ်အစားနဲ့
ကိုယ်ဟန်ပြနေပုံပါ။ ဒီအမျိုးသမီးပုံဟာ
ရှေးအစဉ်အလာ ပုံတူရေးဆွဲဟန်နဲ့ မတူတဲ့
ပုံတူပန်းချီပါပဲ။

## ပေါ်လွင်ထင်ရှားမှုနှင့် စုတ်ချက်ကြမ်းကြမ်း
## Bold And Sketchy

ဓာတ်ပုံနည်းပညာဟာ အရှိအတိုင်း ပန်းချီရေးဆွဲမှု၊ သရုပ်မှန်ပန်းချီဝါဒ (Realism) အပေါ် ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ ပထမဦးဆုံး ဓာတ်ပုံတွေဟာ အဖြူအမည်း ဓာတ်ပုံတွေပါ။ ဒါပေမဲ့ တကယ့် အစစ်အမှန် ကမ္ဘာကြီးရဲ့ ခဏတာအချိန်က မှန်ကန်တိကျတဲ့ ရုပ်ပုံတွေကို ပြန်လည်ထုတ်လုပ်ပေးနိုင်သလို ပန်းချီရေးဆွဲရာမှာ စိန်ခေါ်မှု အခက်အခဲတွေအတွက် ငြိမ်နေတဲ့ ရုပ်ပုံတွေကို စီစဉ်ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ အရှိကိုအရှိအတိုင်း ပန်းချီရေးဆွဲတဲ့ သရုပ်မှန် အနုပညာရှင်တွေဟာ နည်းလမ်းသစ်တွေနဲ့ ပန်းချီရေးဆွဲခဲ့ကြပါတယ်။ ဓာတ်ပုံထက် ပေါ်လွင်ထင်ရှားအောင် ရေးဆွဲသလို စုတ်ချက်ကြမ်းကြမ်းတွေကိုလည်း ရေးဆွဲဖော်ပြနိုင်ပြီး လတ်တလော အသက်ဝင်နေတဲ့ ခံစားမှုရအောင်လည်း အမိအရ ရေးဆွဲပြနိုင်ခဲ့ကြပါတယ်။ ဒါတွေကို ဓာတ်ပုံဆရာတွေက စွမ်းဆောင်မပေးနိုင်ပါဘူး။



**တတိယတန်း လူစီးတွဲ**
**Third Class Carriage**

အေဒီ ၁၈၆၄ ခုနှစ်၊ ပန်းချီဆရာ Honore Daumier
ရထားပေါ်က ဆင်းရဲလွန်းလှတဲ့ ခရီးသည်တွေဟာ
တတိယတန်း လူစီးတွဲပေါ် ခရီးသွားနေကြပုံပါ။
စုတ်ချက်ကြမ်းကြမ်း ရေးဆွဲထားပြီး အရှိကိုအရှိအတိုင်းဟန်နဲ့
ပန်းချီဆရာ Daumier က ဖော်ပြထားသလို သူတို့ရဲ့
ဝတ်သိကွာနဲ့ ခက်ခဲကြမ်းတမ်းတဲ့ ဘဝရှင်သန်မှုအပေါ်
လက်ခံထားကြပုံကိုလဲ ပေါ်လွင်အောင် ရေးဆွဲဖြစ်ထားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# မျက်မှောက်ဘဝကို ရေးဆွဲခြင်း

# PAINTING MODERN LIFE



၁၉ ရာစု နှောင်းပိုင်းကာလကနေ နောက်ထပ် နှစ်ပေါင်း ၁၀၀ လောက်
ဥရောပမှာ စက်မှုတော်လှန်ရေး ဆောင်ရွက်ခဲ့ကြပါတယ်။
ဒီကာလအတွင်း မြို့ကြီးတွေနဲ့ မြို့ငယ်တွေဟာ အဆမတန် အလွန်ကြီးမားလာသလို
လူနေမှုဘဝတွေဟာလဲ အမြစ်ကစပြီး မြေလှန်ပြောင်းလဲလာခဲ့ပါတယ်။
အရှိကိုအရှိအတိုင်း ပန်းချီရေးဆွဲကြတဲ့ သရုပ်မှန် Realist ပန်းချီပညာရှင်တွေဟာ
ဒီပြောင်းလဲမှုတွေကို ပန်းချီရေးဆွဲ ဖော်ပြခဲ့ကြပါတယ်။
မရှိဆင်းရဲသားတွေရဲ့ဘဝရုန်းကန်ရမှုတွေကို ပန်းချီရေးဆွဲဖော်ပြသလို
လူလတ်တန်းစားတွေရဲ့အားလပ်ချိန်တွေမှာ ပုံစံသစ်နဲ့ နေထိုင်ကြပုံကိုလဲ
ရေးဆွဲဖော်ပြခဲ့ကြပါတယ်။

mgyoe.com


## မြစ်ထဲကို အားစိုက်ကြည့်နေတဲ့ ငါးဖမ်းသမား

## A Fisherman Peers in to the River

SAMPLE BOOK

ရုရှားသရုပ်မှန်ပန်းချီ (Realism) ခေါင်းဆောင်တစ်ဦးရဲ့လက်ရာ။

- အေဒီ ၁၈၇၁ ခုနှစ်
- ပန်းချီဆရာ Vasily Perov
- ကင်းဗတ်စ်ပေါ် ဆီဆေး



ရုရှားပန်းချီဆရာ Vasily Perov ဟာ ရုရှားလို (Peredvizhniki) လှုပ်ရှားမှုရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဒီလှုပ်ရှားမှုကို အင်္ဂလိပ်လို "လှည့်လည်သွားလာသူများ" (The Wanderers) လို့ ခေါ်ကြပါတယ်။ ဒီအဖွဲ့ဟာ ရုရှားသရုပ်မှန်ပန်းချီအစုအဖွဲ့ ဖြစ်ပြီး ၁၉ ရာစုရဲ့ ဒုတိယတစ်ဝက်ကာလမှာ စုစည်းခဲ့ကြပါတယ်။ ပန်းချီဆရာ Perov ဟာ သူ့ရဲ့ ဥရောပတစ်ဝန်း လှည့်လည်သွားလာမှုကြောင့် ဩဇာလွှမ်းမိုးနိုင်မှု ကြီးမားခဲ့ပါတယ်။ သူ့ရဲ့ သရုပ်မှန်ပန်းချီလက်ရာတွေဟာ ပြင်သစ် သရုပ်မှန်ပန်းချီတွေထက် ပိုပြီးတင်းကျပ်တဲ့ဟန်နဲ့ ရေးဆွဲပြီး အခြေခံလူတန်းစားတွေရဲ့ နေထိုင်မှုပုံစံကိုပဲ ဖော်ပြရေးဆွဲသလို ရှိမန်တစ်ဖြစ်မှုနဲ့ စိတ်ကူးအဓိကပြုမှုတွေကို ရှောင်ရှား ရေးဆွဲခဲ့ပါတယ်။ သူကိုယ်တိုင် ပတ်ဝန်းကျင် စူးစမ်းလေ့လာမှုကနေ အမှန်တရားကိုပဲ ရေးဆွဲဖော်ပြခဲ့ပါတယ်။

---

## သစ်သီးခြံထဲမှာ

## In the Orchard

ကြီးမားတဲ့ ကင်းဗတ်စ်ပေါ်က နေ့စဉ်ဘဝအကြောင်းအရာ။

- အေဒီ ၁၈၈၅ - ၁၈၈၆ ခုနှစ်
- ပန်းချီဆရာ James Guthrie
- ကင်းဗတ်စ်ပေါ် ဆီဆေး



စကော့တလန် ပန်းချီဆရာ James Guthrie ဟာ ဒီပန်းချီကားကြီးကို Berwickshire ကမ်းခြေအနီးနားက ကျေးလက်ရွာငယ်လေးမှာနေထိုင်တုန်း ရေးဆွဲခဲ့ပါတယ်။ ပန်းချီကားအရွယ်အစားဟာ ၁၅၂ × ၁၇၈ စင်တီမီတာ (၆၀ × ၇၀ လက်မ) ရှိပါတယ်။ နေရောင်ရနေတဲ့ သစ်သီးခြံထဲမှာ ပန်းသီးပင်တွေက ပန်းသီးတွေ ကြွေကျနေပါတယ်။ ဒီပန်းသီးတွေကို ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက်ဟာ ကောက်ယူ သိမ်းဆည်းနေကြပါတယ်။ တစ်ပြိုင်တည်းမှာပဲ သူတို့ကို ဘဲငန်းတွေက ကြည့်နေကြပါတယ်။ ပန်းချီဆရာ Guthrie ဟာ ပုံတူပန်းချီတွေ ရေးဆွဲတာနဲ့ပတ်သက်ပြီး နာမည်ကြီးပါတယ်။ ဒါပေမဲ့ ဒီပန်းချီလက်ရာကတော့ သူ့ကို သရုပ်မှန်ပန်းချီဆရာအဖြစ် ကျော်ကြားစေခဲ့ပါတယ်။